# သတိပြုသုံးစွဲပါအမိုနီယံဆာလဖိတ်မြေဩဇာ

လွန်ခဲ့သောနှစ် ၁၅၀ ကျော်ကတည်းက အမိုနီယံဆာလဖိတ် ကို ထုတ်လုပ်ခဲ့ပါသည်။ ဆာလဖျူရစ် အက်စစ်နှင့် အပူပေးထားသော အမိုးနီးယားကို ဓာတ်ပြုစေပြီး အမိုနီယံဆာလဖိတ် ကို ထုတ်လုပ်ပါသည်။ ယခုလက်ရှိတွင် အမိုနီယံဆာလဖိတ် လိုအပ်ချက်အတွက် စက်ရုံအမျိုးမျိုး၏ ဘေးထွက်ပစ္စည်းများမှ ထုတ်လုပ်ရရှိပါသည်။ ဥပမာ– နိုင်လွန်ထုတ်လုပ်မှုတွင် အမိုနီယံဆာလဖိတ် ပူးတွဲထွက်ရှိပါသည်။

အမိုနီယံဆာလဖိတ် ဓာတ်မြေဩဇာသည် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် အတွက် ကမ္ဘာတွင် ပထမဆုံးနှင့် ကျယ်ပြန့်စွာ သုံးစွဲမှု အများဆုံး မြေဩဇာဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံမှာ အသုံးပြုမှု နည်းပါးသော်လည်း နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ် ၂ မျိုးလုံး လိုအပ်ပါကသီးနှံများအတွက်အထူးတန်ဖိုးရှိလှပါသည်။ အမိုနီယံဆာလဖိတ်မြေဩဇာသည် ရေ တွင် ပျော်ဝင်မှုအားကောင်းပါသည်။

## စိုက်ပျိုးရေးတွင် အသုံးပြုမှု

အမိုနီယံဆာလဖိတ်တွင် နိုက်ထရိုဂျင် (၂၁) % နှင့် ဆာလဖာဓာတ် (၂၄) % ပါဝင်ပါသည်။ စီးပွားရေးအရ တွက်ချေကိုက်ပြီး သယ်ယူပို့ဆောင်ရ လွယ်ကူသော အခြား မြေဩဇာ အရင်းအမြစ်များစွာ ရှိသော်လည်း အပင်ကြီးထွားမှု အတွက် နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ် လိုအပ်ချက်အတွက် အမိုနီယံဆာလဖိတ် ဓာတ်မြေဩဇာကို အဓိက အသုံးပြုကြပါသည်။ ၎င်းသည်ဆာလဖာဓာတ်လိုအပ်မှုကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်သည့် မြေဩဇာဖြစ်ပါသည်။ ဆာလဖာဓာတ် သည် ပရိုတင်းထုတ်လုပ်မှု အပါအဝင် အပင် အတွက် မဖြစ်မနေလိုအပ်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်ပေးပါသည်။ အမိုနီယံဆာလဖိတ်တွင် နိုက်ထရိုဂျင်သည် အမိုနီယံပုံစံနှင့် ရှိသောကြောင့် ရေလွှမ်း စပါးစိုက်မြေများတွင် အသုံးများပါသည်။ ၎င်းနေရာများတွင် နိုက်ထရိုဂျင်သည် နိုက်ထရိတ် ပုံစံနှင့် ရှိသော မြေဩဇာ များကို အသုံးပြုမှု နည်းပါးပါသည်။ အပင်ပေါက်ပြီး ပေါင်းများကို နှိမ်နင်းရာတွင် ပေါင်းသတ်ဆေး ဖျန်းသည့် အခါပျော်ဝင်နေသည့် အမိုနီယံဆာလဖိတ် ပါဝင်သော ပျော်ရည်ကို ထည့်သွင်းပေးခြင်းဖြင့် ပိုမို ထိရောက် ကောင်းမွန်စေနိုင်ပါသည်။

အမိုနီယံဆာလဖိတ် ထည့်ခြင်းဖြင့် ပေါင်းသတ်ဆေးအာနိသင် ထိရောက်မှုကို တိုးစေခြင်းသည် ရေတွင် Ca, Mg, Na တို့ပါဝင်မှု များပြားမှသာ ဖြစ်ပေါ်စေပါသည်။

စီမံခန့်ခွဲမှု နည်းလမ်းများ

အမိုနီယံဆာလဖိတ်သည် မြေကြီးထဲသို့ ထည့်ပြီးနောက် အမိုနီယံနှင့် ဆာလဖိတ် အဖြစ်လျှင်မြန်စွာ ပျော်ဝင်သွားပါသည်။ ဤအခြေအနေတွင် အမိုနီယံဆာလဖိတ် ထည့်ပြီးပြီးချင်း မြေကြီးထဲသို့ ရောမွှေခြင်း၊ ရေမသွင်းမှီထည့်ခြင်း၊ မိုးရွာသွန်းမှုကို ကြိုတင်ခန့်မှန်းပြီးမှထည့်ပေးခြင်း စသည်တို့ကို လုပ်ဆောင်သင့်ပါသည်။ အပင်အများစုသည် ၎င်းတို့ကြီးထွားရန်အတွက် လိုအပ်သည့် နိုက်ထရိုဂျင်ကို အမိုနီယံ ပုံစံနှင့် နိုက်ထရိတ် ပုံစံ တို့ဖြင့် သုံးစွဲပါသည်။ ပူနွေးသော မြေတွင် မိုက်ခရုတ်များမှနေပြီးနိုက်တြိုဂျင်ဓာတ်ပြောင်းလဲမှု (nitrification) ဖြစ်စဉ်ဖြင့် အမိုနီယံကို နိုက်ထရိတ်ပုံစံ သို့ ပြောင်းလဲပေးပါသည်။ မိုက်ခရုတ်များ၏ လုပ်ဆောင်မှုကြောင့် ဟိုက်ဒရိုဂျင် အိုင်းယွန်း ထွက်ရှိလာသဖြင့် အမိုနီယံဆာလဖိတ်ကို ကြိမ်ဖန်များစွာ သုံးစွဲသော အခါမြေချဉ်ငံဓာတ်လျော့ကျလာစေပါသည်။

အမိုနီယံဆာလဖိတ်သုံးစွဲသောအခါ မြေချဉ်ရသည့် အဓိကအကြောင်းအရင်း မှာ နိုက်တြိုဂျင်၏ nitrification ဖြစ်စဉ်ကြောင့် ဖြစ်ပါသည်။ ဆာလဖာပါဝင်မှုကြောင့် မြေချဉ်ငံဓာတ် ပြောင်းလဲမှုသည် မပြောပလောက်ပါ။

အမိုနီယံဆာလဖိတ်ကြောင့် အက်စစ်ဖြစ်ပေါ်မှုသည် အမိုနီယံနိုက်ထရိတ် သုံးပြီး တူညီသည့် နိုက်ထရိုဂျင် ထည့်သွင်းခြင်းကြောင့် အက်စစ်ဖြစ်ပေါ်မှုထက် ပိုများတတ်သည်ကို သတိပြုသင့် ပါသည်။ ဥပမာ– အမိုနီယံဆာလဖိတ်တွင် ပါဝင်သော နိုက်ထရိုဂျင်အားလုံးသည် နိုက်ထရိတ် အဖြစ် ပြောင်းလဲသော်လည်း အမိုနီယံ နိုက်ထရိတ် တွင် ပါဝင်သော နိုက်ထရိုဂျင် ထက်ဝက်ခန့်သည်သာလျှင် နိုက်ထရိတ်အဖြစ် ပြောင်းလဲပါသည်။

အမိုနီယံဆာလဖိတ် ကို ရွက်ဖျန်းအဖြစ် အသုံးကြုမည် ဆိုပါက ရေတစ်ဂါလံတွင် စားပွဲတစ်ဇွန်း မှ (၃) ဇွန်း ထည့်သွင်း နိုင်ပါသည်။ ၎င်း ရွက်ဖျန်းမြေသြဇာ ဖျော်ရည်ကို နိုက်ထရိုဂျင် နှင့် ဆာလဖာ ချို့တဲ့သော အပင်များအတွက် ပက်ဖျန်းနိုင်ပါသည်။

မြေသြဇာများမြေချဉ်ဖြစ်ပေါ်စေသည့်ကိန်း

| စဉ် | မြေသြဇာအမျိုးအစား | နိုက်တြိုဂျင် ပါဝင်မှု ရာခိုင်နှုန်း | အချဉ်ဓာတ် ဖြစ်စေ သောကိန်း | ထည့်သွင်းရန် ထုံးပမာဏ (ပေါင်) |
|---|---|---|---|---|
| ၁ | အမိုနီယံဆာလဖိတ် | ၂၁ | ၅.၂ | ၁၂၂.၃ |
| ၂ | ယူရီးယား | ၄၆ | ၁.၈ | ၉၂.၇၄ |
| ၃ | အမိုနီယမ်နိုက်တြိတ် | ၃၄ | ၁.၈ | ၆၈.၅၄ |
| ၄ | ဒဘယ်အမိုနီယမ်ဖော့စဖိတ် | ၁၈ | ၃.၁ | ၅၅.၈ |
| ၅ | မာတီအမိုနီယမ်ဖော့စဖိတ် | ၁၆ | ၅.၀ | ၈၀.၀ |

(မူရင်း။ စပါးစိုက်မြေဆီလွှာ)

အထက်ဖော်ပြပါဇယားတွင်ဖော်ပြထားသည့်အတိုင်း မြေဆီလွှာကို အချဉ်ဓာတ်ဖြစ်ပေါ် စေနိုင်သည့် မြေသြဇာများကို ထည့်သွင်းသည့်အခါမှာ ဖြစ်ပေါ်လာမည့် အချဉ်ဓာတ်ကို ကာမိစေရန် မြေသို့ထည့်သည့် နိုက်တြိုဂျင်ပါဝင်မှုရာခိုင်နှုန်းနှင့် အညီ ထုံးထည့်ပေးရန်လို အပ်ပါသည်။ အကယ်၍ အမိုနီယံဆာလဖိတ် တစ်အိတ် (၅၀) ကီလိုဂရမ်တွင် နိုက်တြိုဂျင်ပမာဏ (၂၁) ရာခိုင်နှုန်းပါရှိတတ်သဖြင့် အသားတင် နိုက်တြိုဂျင်ဓာတ် (၁၀.၅) ကီလိုဂရမ် ပါရှိပါသဖြင့် ဖြစ် ထုံးပမာဏကို (၆၁.၁၅) ပေါင် ထည့်ရန်လိုအပ်ပါမည်။ ထို့ကြောင့် အမိုနီယံဆာလဖိတ် ဓာတ်မြေသြဇာ (၅၀)ကီလိုဂရမ် သုံးစွဲတိုင်း မြေအချဉ်ပေါက်မှုကို ကာကွယ်နိုင်စေရန် ထုံး (၆၁)ပေါင် ခန့် ထည့်ပေးရန်လိုအပ်ပါမည်။

မိမိစိုက်ခင်းသည် မြေပဲ ကဲ့သို့သော သီးနှံစိုက်မည်ဟု ရည်ရွယ်၍ မြေပြင်စဉ်ကပင် ထုံးထည့်ပြုပြင်ထားခြင်း၊သဘော်စိုက်ကျင်းကဲ့သို့မစိုက်ခင် မြေကျင်းများမှာ ထုံးထည့် မြေပြု ပြင်ခြင်း များရှိလျှင် အမိုနီယံဆာလဖိတ်မြေသြဇာထည့်ခြင်းတွင် ထုံးထည့်ခြင်းကို ထပ်ဆင့် ဂရုစိုက်ဆောင်ရွက်သင့်ပါသည်။

ဒေါက်တာ ခင်ခင်မူ
ဦးစီးအရာရှိ
မြေအသုံးချရေးဌာနခွဲ